ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်လောင်းက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာ ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိအမည်ကို ထည့်သွင်း ရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆိုပါ)

"ကျွန်ုပ် - - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။"

အားလုံး ထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၃၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ၁၄-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဋ္ဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)၊ Forum တက်ရောက်ရန်။ ဦးပြုးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစောယှားဖောင်ဟွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်းနှင့် ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၀)ဦး ဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် ဖြစ်ပါတယ်။ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အပြုသဘောနဲ့ တင်ပြဆွေးနွေးလိုပါတယ်ခင်ဗျား။ အရေးပေါ်စီမံမှု အက်ဥပဒေဟာ လက်နက်ခဲယမ်းဆိုင်ရာ ဥပဒေ၊ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းဆိုင်ရာဥပဒေ၊ အကြမ်းဖက် တိုက်ဖျက်ရေးဆိုင်ရာဥပဒေ အစရှိတဲ့ ဥပဒေတို့အနက် နိုင်ငံတော် လုံခြုံရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးတဲ့ ပုဒ်မများကို စုစည်းပြီးတော့ ပြဋ္ဌာန်းထားတဲ့ ဥပဒေမျိုးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ လက်ရှိမှာလည်း နိုင်ငံတော် လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေသေးတဲ့အတွက်ကြောင့် ဒီဥပဒေတစ်ရပ်လုံးကို ရုပ်သိမ်းခြင်းမပြုဘဲ မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း ဆွေးနွေးလိုပါတယ်ခင်ဗျား။

ပုဒ်မ ၅(ည)ကတော့ သူက လိုရာဆွဲသုံးနိုင်တဲ့အတွက်ကြောင့် ပိုမိုတိကျတဲ့ စာသားဖြင့် ပြင်ဆင်ရေးဆွဲရန်သာ လိုအပ်ပါတယ်။ ရာဇသတ်ကြီးမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေပုဒ်မမျိုးဟာ အရေးပေါ်စီမံအက်ဥပဒေမှာလည်း ပြဋ္ဌာန်းထားတာ အလားတူသဏ္ဌာန်များ တူညီတာကိုလည်း တွေ့ရှိရပါတယ်။ ဒါပေမဲ့ သီးခြားထပ်တူမှုမရှိပါဘူး။ ပြီးတော့ ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်အပိုင်း၊ ပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက်ကလည်း ကွာခြားနေတာကို တွေ့ရပါတယ်ခင်ဗျား။ ပိုမိုရှင်းလင်းမြင်သာနိုင်အောင် Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးကို တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါ အရေးပေါ်စီမံအက်ဥပဒေနဲ့ ရာဇသတ်ကြီးဥပဒေ ကွဲလွဲမှု ဖြစ်ပါတယ်။ အရေးပေါ်စီမံအက်ဥပဒေမှာ အရေးကြီးတဲ့ ပုဒ်မပေါင်း (၈)ခုသာ ပါရှိပါတယ်။ သူနဲ့ ရာဇသတ်ကြီးပုဒ်မနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် တချို့အပိုင်းမှာ တူညီမှုတော့ ရှိပေမယ့် ပြဋ္ဌာန်းတဲ့ ရည်ရွယ်ချက်နဲ့ ပြစ်ဒဏ် မတူညီပါဘူးခင်ဗျား။ ပြီးတော့

တချို့ရာဇသတ်ကြီးပုဒ်မမှာ တချို့ မပါရှိပါဘူး။ အဲဒါကြောင့် တူညီမှု ကွဲလွဲမှု ရှိပါတယ်။ အဲဒါ ပုဒ်မ ၂၊ ၃၊ ၄ ဖြစ်ပါတယ်။ အရေးပေါ် စီမံမှုဥပဒေမှာ ပါရှိတဲ့ ပုဒ်မ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုနဲ့ ဆိုင်တဲ့ဥပဒေတွေ ဖြစ်ပါတယ်။ ဒါ အရေးပေါ်ပုဒ်မ ၂ နဲ့ ၃ နဲ့ ၄ မှာ ပါတဲ့ စာသားများ ဖြစ်ပါတယ်။

ပုဒ်မ ၂(က) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်သူထံ သတင်းပို့ခြင်းဖြစ်ပါတယ်။ ပုဒ်မ ၃(က) လုံခြုံရေးတာဝန်ဝတ္တရား ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို လုပ်ငန်းဆောင်ရွက်မှုကို နှောင့်နှေး ပျက်ပြားစေရန် ဆောင်ရွက်တဲ့အမှု ဖြစ်ပါတယ်။ ပုဒ်မ ၄ ကတော့ နိုင်ငံတော်သစ္စာ ဖောက်ဖျက်သူအား အားပေးကူညီတာ ဖြစ်ပါတယ်။ အဲဒီပုဒ်မတွေကို အားလုံး ပြင်းပြင်းထန်ထန်နဲ့ သေဒဏ်အထိ ပေးထား တာကို တွေ့ရပါတယ်။ ဒါပုဒ်မ ၅ ဖြစ်ပါတယ်။ ပုဒ်မ ၅ ကျတော့လည်း အမျိုးမျိုးပါရှိပါတယ်။ ပုဒ်မ ၅ ရဲ့ (က)၊ (ခ)က ပုန်ကန်မှုကို အားပေးကူညီမှု၊ စည်းကမ်း ဖီဆန်မှု၊ ဝတ္တရား နှောင့်ယှက်သူတွေကို ပြစ်ဒဏ်ပေးထားတဲ့ပုဒ်မ ဖြစ်ပါတယ်။ ရာဇသတ်ကြီးမှာ ထောင်ဒဏ် (၃)နှစ်အထိပဲ ပြထားတာရှိပါတယ်။ ဒီဘက်မှာကျတော့ ပြင်းပြင်းထန်ထန် (၇)နှစ် ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ပုဒ်မ ၅(ဇ)ကျတော့ ငွေစက္ကူလွှဲတဲ့လက်မှတ်ကိစ္စ၊ ဘဏ်ငွေလွှဲလက်မှတ်ကိစ္စ ဖြစ်ပါတယ်။ ပုဒ်မ ၅(ဌ)ကျတော့ လက်နက်ခဲယမ်း မီးကျောက်နဲ့ ဆိုင်တဲ့၊ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းနဲ့ဆိုင်တဲ့ ဥပဒေတွေ ဖြစ်ပါတယ်။

ဒါပုဒ်မ ၅(ည)ဖြစ်ပါတယ်။ ပုဒ်မ၅(ည)ကတော့ ဒီပြည်သူလူထုတွေကို ဒုက္ခပေးတယ်ဆိုတဲ့ နာမည်ကြီးနေတဲ့ ဥပဒေတစ်ရပ်ပါပဲ။ အဲဒါကို ဘာကြောင့်လဲဆိုတော့ ဒီအနီမှာ ပြထားတဲ့အတိုင်း တစ်ခုခုလုပ်ရင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကို ပြုလျှင်ဆိုတာ အဲဒါကို ပါနေပါတယ်။ အဲဒါကြောင့် အကြောင်းတစ်ခုခုဆိုပြီးတော့ ကြံရွယ်တစ်ခုခုလုပ်ဆိုတဲ့ဟာ ပါတဲ့အတွက်ကြောင့် အဲဒီဟာ အမှုနဲ့ပဲကို မတိကျတဲ့အတွက်ကြောင့် ရှုပ်ထွေးနေတာဖြစ်ပါတယ်။ အဲဒါကြောင့် အနီနဲ့ ပြထားတာကို ဖျက်လိုက် လို့ရှိရင်လည်း ရပါတယ်။ ဒါမှမဟုတ်ဆိုရင်လည်း ပိုမိုတိကျအောင် ဥပဒေစာသားပြင်၊ နားလည်တတ်ကျွမ်းသူနဲ့ ပြင်ဆင်လို့လည်း ရပါတယ်ခင်ဗျား။ ဒါပုဒ်မ ၆ နဲ့ ၇ ဖြစ်ပါတယ်။ ပုဒ်မ ၇ က ဒီသောက်ရေတွင်း၊ ရေကန်တွေကို အဆိပ်ခတ်တဲ့ပုဒ်မ ဖြစ်ပါတယ်။ ရာဇသတ်ကြီး ပုဒ်မမှာကျတော့ အဲဒီလိုမျိုး တိတိကျကျ မဆိုထားဘဲနဲ့ ရေတွင်းရေကန်ကို ညစ်ညမ်းစေမှုလို့ ရေးထားပါတယ်။ စာသားချင်း ကွာပါတယ်။ အရေးပေါ်အက်ဥပဒေမှာ တိတိကျကျ ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ဒီအရေးပေါ်ဥပဒေကို ဆက်လက်ပြီးတော့ ထားရှိသင့်တယ်လို့ ကျွန်တော်ထင်မြင်ပါတယ် ခင်ဗျား။

အချုပ်အားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် အရေးပေါ်အက်ဥပဒေဟာ နိုင်ငံတော် လုံခြုံရေး အတွက်၊ နိုင်ငံတော်အေးချမ်းသာယာရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထား တဲ့ဥပဒေဖြစ်ပါတယ်။ အစိုးရမှ ထိထိရောက်ရောက် လုပ်နိုင်ရန်အတွက် အလုပ်လုပ်နိုင်ရန်အတွက် အာဏာပေးထားခြင်း ဖြစ်ပါတယ်။ လက်ရှိမှာ ကျွန်တော်တို့နိုင်ငံဟာ အားလုံးတည်ငြိမ်အေးချမ်းနေပြီလို့ ပြောလို့ မရသေးပါဘူး ခင်ဗျား။ ကျွန်တော်တို့ရှမ်းပြည်နယ်မှာ ယခုထက်ထိ ယမ်းငွေ့တွေ ဝေနေတုန်း ဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့် အစိုးရကောင်းမွန်စွာ အလုပ်လုပ်နိုင်ရန်အတွက် အာဏာပေးထားရန် လိုအပ်ပါတယ်။ အစွယ်နဲ့တူတဲ့ ဒီအရေးပေါ် စီမံအက်ဥပဒေကို ထားပေးရန် လိုအပ်ပါတယ်။ ယခု အချိန်မှာအစွယ်ကိုရိုက်ချိုးပစ်လို့ မသင့်သေးပါဘူး။ လိုအပ်လို့ရှိရင် ထုတ်သုံးနိုင်ရန်အတွက် ထားပေးရ

ပါအုံးမယ်။ ယခုအခါ လူထုကနေပြီးတော့ ရွေးချယ်ထားတဲ့ ဒီမိုကရေစီအစိုးရ၊ ပြည်သူလူထုရဲ့ အစိုးရဖြစ်တဲ့အတွက်ကြောင့် လူထုကိုတော့ အကြောင်းမဲ့ ဒုက္ခပေးတော့မှာ မဟုတ်ပါဘူး။ ပြီးတော့ အာဏာသုံးရပ်လည်း တစ်ခုနဲ့တစ်ခု ထိန်းကျောင်းနိုင်အောင် မဏ္ဍိုင်(၃)ရပ် ရှိနေပြီ ဖြစ်ပါတယ်။ အဲဒါကြောင့် အရေးပေါ်စီမံမှုအက်ဥပဒေကို လိုအပ်တဲ့အချိန်မှာ ထုတ်သုံးနိုင်ရန်အတွက် ထားပေးထားသင့် ပါတယ်လို့ ကျွန်တော်ထင်မြင်ပါတယ် ခင်ဗျား။ ဒါကြောင့် အရေးပေါ်စီမံမှုအက်ဥပဒေကို ယခုအချိန်မှာ မရုပ်သိမ်းဘဲနဲ့ ဆက်လက်ထားရှိသင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၉။**

**ဦးတင်အောင်ထွန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ ဖြစ်တဲ့ ၂-၉-၂၀၁၆(သောကြာနေ့)မှာ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့ထားတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြပါ့မယ်။ ပုဒ်မ ၁ မှာ အမည်၊ ပုဒ်မ ၂ မှာ ရုပ်သိမ်းလိုက်သည်၊ ဆိုတာပါရှိတဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးစရာ မလိုပေမယ့် ရုပ်သိမ်းတဲ့ ဥပဒေနဲ့ ပတ်သက်ပြီး ဘာကြောင့် ရုပ်သိမ်းသင့်သလဲဆိုတာကို ဆွေးနွေးလိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမ အချက်အနေနဲ့ဆွေးနွေးလိုတာက အရေးပေါ်စီမံမှုအက်ဥပဒေကို ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့မှာ အက်ဥပဒေအမှတ် (၁၇) အဖြစ်နဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။ ကာလအားဖြင့် (၆၆)နှစ်ကျော်ကြာခဲ့ပါပြီ။ ပုဒ်မ (၈)ခု ပါဝင်ပါတယ်။ ပုဒ်မ ၁ က ဥပဒေအမည်ကို ဖော်ပြတာပါ။ ပုဒ်မ ၂ နဲ့ ၃ရဲ့ ဖော်ပြချက်တွေက နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ဝတ္တရားကို ဆောင်ရွက်နေသည့် နိုင်ငံတော်လက်နက်ကိုင်စစ်တပ် အစည်းအရုံးများ၊ ရာဇဝတ်အမှုထမ်း အဖွဲ့များနဲ့ဆိုင်တဲ့ အကြောင်းအရာ၊ အချက်အလက်အမျိုးမျိုးကို နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှု ကျူးလွန်သူအား အကြောင်းကြားရင်၊ အကြောင်းကြားဖို့ရည်ရွယ်ပြီးတော့ အကြောင်းအရာတွေကို ရှာဖွေစုဆောင်းရင်၊ ရှာဖွေစုဆောင်းဖို့အတွက် လုံ့လပြုမယ်ဆိုလို့ရှိရင် နိုင်ငံတော်လက်နက်ကိုင် စစ်တပ်အစည်းအရုံးများ၊ ရာဇဝတ်အမှုထမ်း အဖွဲ့များရဲ့ ဆောင်ရွက်မှု အောင်မြင်ရေးကို နှောင့်နှေးပျက်ပြားစေရန် အကြောင်းရှိတဲ့ အမှုတစ်ရပ်ရပ်ကို ကြံရွယ်ပြုမူဆောင်ရွက်မယ်ဆိုရင် သေဒဏ်၊ ဒါမှမဟုတ်ရင် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်စေရမယ်လို့ ဆိုပါတယ်။ ဒီအက်ဥပဒေ မပြဋ္ဌာန်းမီတုန်းက ၁၉၄၈ ခုနှစ်၊ အရေးပေါ်စီမံမှု တစ်ချက်လွှတ်ဥပဒေဆိုတာ ရှိခဲ့ပါတယ်။ ဘာကြောင့် ရှိခဲ့တာလည်းဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ လွတ်လပ်ရေးရပြီးတာနဲ့ တစ်ပြိုင်နက်တည်း ပြည်တွင်းမှာ နိုင်ငံရေးအရ ဆန့်ကျင်ပုန်ကန်တာတွေ

ရောင်စုံပေါ်ခဲ့ပါတယ်။ နိုင်ငံရေးအရ ဆန့်ကျင်ပုန်ကန်သူတွေကို တစ်ချက်လွှတ်ဥပဒေနဲ့ အရေးပေါ် စီမံထိန်းသိမ်းခဲ့တာပါ။ ၁၉၄၈ ခုနှစ်၊ အရေးပေါ်စီမံမှုတစ်ချက်လွှတ်ဥပဒေကို အခု အက်ဥပဒေရဲ့ ပုဒ်မ ၈ နဲ့လည်း ရုပ်သိမ်းပယ်ဖျက်ထားပါတယ်။ ကျွန်တော်တို့ သတိချပ်ဖို့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ္တရားကို ဆောင်ရွက်နေသည့် နိုင်ငံတော်လက်နက်ကိုင် စစ်တပ် အစည်းအရုံးဆိုတာ အခုအချိန်မှာ လုံးဝမရှိတော့ဘူးဆိုတာပါပဲ။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၇ မှာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည်လို့ပဲ ပါရှိပါတယ်။ တပ်မတော်နဲ့ပတ်သက်တဲ့ အခန်း (၇)တစ်ရပ်လုံးမှာ အက်ဥပဒေမှာ ပါရှိသလိုမျိုး နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ္တရားကို ဆောင်ရွက် နေသည့် နိုင်ငံတော် လက်နက်ကိုင်စစ်တပ် အစည်းအရုံးဆိုတာ မပါရှိပါဘူး။

ဒါကြောင့် ဒီ အက်ဥပဒေဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီမှုမရှိတော့ဘူး ဆိုတာကိုတွေ့ရမှာပါ။ အက်ဥပဒေပုဒ်မ ၄ မှာ နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန် ခဲ့သူ၊ ကျူးလွန်ဆဲဖြစ်သူကို ကူညီရန်ကြံရွယ်လို့ဖြစ်ဖြစ်၊ ကူညီရာရောက်စေမယ်ဆိုတာကို သိလျက်နဲ့ ဖြစ်ဖြစ်၊ ပုဒ်မခွဲ(က)ကနေ (င)အထိပါရှိတဲ့ မီးရထားလမ်း၊ ဥမင်၊ အစိုးရပိုင်ဝါယာလက်၊ ကြေးနန်း၊ လေယာဉ်ပျံ၊ လေယာဉ်ကွင်းနဲ့ ပစ္စည်းကိရိယာတွေကို အနှောင့်အယှက်ပြုမယ်၊ ဖျက်ဆီးမယ်ဆိုရင် သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းပို့ဒဏ်ဖြစ်စေ ထိုက်သင့်စေရမယ်လို့ ဆိုထားပါတယ်။ ၁၉၅၇ ခုနှစ်၊ အရေးပေါ်စီမံမှု ယာယီပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၂ နဲ့ ၁၆၅၇ ခုနှစ်၊ ယာယီပြင်ဆင်ချက် အက်ဥပဒေ အာဏာတည်လျက် ရှိနေသေးသမျှ ကာလပတ်လုံး ၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေပုဒ်မ ၄ မှာ တစ်သက် တစ်ကျွန်းပို့ဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ထားဘိသကဲ့သို့ အကျိုးသက်ရောက်စေမယ်လို့ ပြင်ဆင်ထားတာလည်း ရှိနေပါတယ်။

၁၉၅၇ ခုနှစ်၊ ယာယီပြင်ဆင်ချက် အက်ဥပဒေက အခုအချိန်ထိအောင် အာဏာတည်လျက် ရှိနေတဲ့အတွက် ဆိုလိုရင်းက ပုဒ်မ ၄ အရဆိုရင် သေဒဏ်ပဲ ထိုက်သင့်စေရမယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။ နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်သူကို ကူညီအားပေးသူအတွက် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂၃ အရ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀)နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင် ငွေဒဏ် ချမှတ်ဖို့လည်း ပြဋ္ဌာန်းထားရှိတာ ရှိပါတယ်။ အလားတူပဲ မီးရထားလမ်း၊ ဥမင်၊ အစိုးရပိုင် ဝါယာလက်၊ ကြေးနန်း၊ လေယာဉ်ပျံ၊ လေယာဉ်ကွင်းနဲ့ ပစ္စည်းကိရိယာတွေကို အနှောင့်အယှက်ပြုမယ်၊ ဖျက်ဆီး မယ်ဆိုရင်လည်း အရေးယူအပြစ်ပေးရမယ့် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များလည်း တည်ရှိပြီးဖြစ်လို့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေဟာ မလိုအပ်တော့ပါဘူး။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ခေတ် အဆက်ဆက်မှာ ဒီမိုကရေစီလိုလားသူ နိုင်ငံရေးသမားတွေကို အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅(ည) နဲ့ ဖမ်းဆီးပြီး နှစ်ရှည်ထောင်ချ ဒုက္ခပေးခဲ့တာ အများအပြားပါ။ ဒီမိုကရေစီအရေးကို ဖိနှိပ်ခံရတာက လူ့အခွင့်အရေးကို ချိုးနှိမ်ခံရတာပါပဲ။ ပုဒ်မ ၅ မှာ (က)ကနေ (ဍ)အထိ ပုဒ်မခွဲပေါင်း (၁၃)ခု ပါတယ်။ အချိန်အရ အသေးစိတ်မဆွေးနွေးနိုင်ပေမယ့် ဥပမာအနေနဲ့ ပုဒ်မ ၅ (က)မှာ စစ်တပ်နဲ့ အရာထမ်း၊ အမှုထမ်းတွေက အစိုးရအပေါ် မေတ္တာပျက်စေအောင် စည်းကမ်းဖီဆန်အောင်၊ သစ္စာမဲ့အောင် တစ်ခုခုလုပ်ရင် ဒီလိုဖြစ်စေတဲ့ အကြောင်းရှိတဲ့အမှုကိုပြုရင် အစရှိတဲ့ အမျိုးမျိုးသတ်မှတ်နိုင်တဲ့

များပြားလှတဲ့ စိတ်ကူးထဲမှာပေါ်သမျှ ထောင်ဒဏ်တွေ တသီကြီးချမှတ်နိုင်တဲ့ အက်ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ တကယ်တော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄(က)မှာ အစိုးရအပေါ် အကြည်ညိုပျက်အောင် ပြုမှုအတွက် တစ်သက်တစ်ကျွန်း၊ ငွေဒဏ်နဲ့ တစ်သက်တစ်ကျွန်းအောက်လျော့တဲ့ တစ်ကျွန်းဒဏ်အထိ ချမှတ်နိုင်တဲ့ ဥပဒေကလည်း ရှိပြီးသားဖြစ်တဲ့အတွက် ဒီ အက်ဥပဒေဟာ မရှိအပ်တော့ပါဘူး။ ဒီလောက်နဲ့တင် မပြီးခဲ့ပါဘူး။

၁၉၅၈ ခုနှစ်၊ အရေးပေါ်စီမံမှု ယာယီပြင်ဆင်ချက် အက်ဥပဒေနဲ့ ပုဒ်မ ၅-က အဖြစ်နဲ့ ထည့်သွင်းပြီးတော့ အကြည်ညိုပျက်စေမှု ရာဇသတ်ကြီးပုဒ်မ ၁၂၄(က) အပါအဝင် ၁၅၃(က)၊ ၂၉၅ (က) တို့ကို ကျူးလွန်အောင် အကြံပေး၊ တိုက်တွန်း၊ လှုံ့ဆော်၊ အားပေးတဲ့ လက်ရေးစာရွက်စာတမ်း၊ ပုံနှိပ်စာရွက်စာတမ်း၊ ပုံနှိပ်၊ တည်းဖြတ်၊ ထုတ်ဝေပေးရင် ပြ၊ ရောင်း၊ ဝေငှ၊ အများမြင်သာအောင် ဖော်ပြတာနဲ့ နောက်ပိတ်ဆုံး လက်ရှိထားရင်တောင်မှ နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ်နိုင်အောင် ပြင်ဆင်ထားခဲ့တာလည်း တွေ့ရပါတယ်။ ဒီ ၁၉၅၈ ခုနှစ်၊ ယာယီပြင်ဆင်ချက် အက်ဥပဒေကို တရားရေးဝန်ကြီးဌာနရဲ့ ၃၁-၁၂-၁၉၅၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃၁)နဲ့ ပြန်လည် ရုပ်သိမ်းခဲ့ရတာလည်း ဆောင်ရွက်ခဲ့ရပါတယ်။ အက်ဥပဒေရဲ့ ပုဒ်မ ၆၊ ၇ ဟာလည်း အစိုးရကိစ္စ အတွက် အသုံးပြုမယ့်၊ အသုံးပြုရန် ကြံရွယ်ထားတဲ့ အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာ၊ အခြား ပစ္စည်း၊ ပြည်ထောင်စုလက်နက်ကိုင် စစ်တပ်အစည်းအရုံးကပိုင်တဲ့၊ အစည်းအရုံးကို ပေးပို့ ရည်ရွယ် ထားတဲ့ ကိရိယာ၊ ပစ္စည်း စတာတွေကို နှောင့်ယှက်ဖျက်ဆီးမယ်ဆိုရင် (၇)နှစ်အထိအောင် ထောင်ဒဏ်၊ ငွေဒဏ်၊ ဒဏ်နှစ်ရပ်လုံး ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ လက်ရှိမှာ အစိုးရနဲ့ စစ်တပ်ရဲ့ ပစ္စည်းသာမကပါဘူး။ အခြားပုဂ္ဂလိကပစ္စည်းကိုပင်လျှင် နှောင့်ယှက်ဖျက်ဆီးလျှင် ဘယ်သူမဆို အရေးယူအပြစ်ပေးခံရမယ့် တည်ဆဲဥပဒေများလည်း ကျွန်တော်တို့ ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်မှ ပေးပို့တဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးသင့်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အချက်အနေနဲ့ အလျဉ်းသင့်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ ဒီဥပဒေကြမ်းနဲ့ ပတ်သက်လို့ ဥပဒေကြမ်း ကော်မတီရဲ့ ၁-၉-၂၀၁၆ ရက်စွဲပါ စိစစ်တင်ပြခြင်း အစီရင်ခံစာနဲ့ ပတ်သက်လို့ပါ။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၄ အရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဟာ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရအောင် ဆောင်ရွက်ရမယ်လို့ နားလည်ထားပါတယ်။ အစီရင်ခံစာ အပိုဒ် ၃ က နည်းဥပဒေနဲ့ မညီမညွတ်ဖြစ်နေတယ်လို့ ကျွန်တော်ဉာဏ်မီသလောက် ရိုးသားစွာ ထင်မြင်မိပါတယ်။ ကော်မတီမှာ အကြံပြုဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်ဟာ လွှတ်တော်မှာ ကိုယ်ဆွေးနွေးလိုတဲ့ အချက်ကို အမည်စာရင်းတင်သွင်း ဆွေးနွေးနိုင်သလို အခွင့်အရေးအပြည့်အဝရပြီး လုံလောက်ပြီးလည်း ဖြစ်နေ ပါတယ်။

နောက်တစ်ခုက ကော်မတီရဲ့ သဘောထားမှတ်ချက်ဖြစ်ပါတယ်။ ကော်မတီမှာ အကြံပြု ဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်းကော်မတီဝင်ရဲ့ တင်ပြချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး

ဆောင်ရွက်သင့်ပါကြောင်း ဆိုသည်မှာ ကော်မတီက လွှတ်တော်ကို ညွှန်ပြပေးနေသကဲ့သို့ ဖြစ်နေပြီးတော့ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေနဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများထဲမှာ ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်သို့ စိစစ်တင်ပြခြင်း အစီရင်ခံစာ၌ ကော်မတီဝင်ရဲ့ အကြံပြုဆွေးနွေးချက်ကို အပိုဒ်တစ်ပိုဒ်အဖြစ် ထည့်သွင်းပြီးတော့ ထိုကော်မတီဝင် ကိုယ်စားလှယ်ရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ရန်အတွက် ဆိုတာကို ရှာဖွေမတွေ့ရှိသေးလို့ အခုလိုဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ လေ့လာမှု အားနည်းတာလည်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၇။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားမှာပါ။ ကျွန်မအနေနဲ့ နိုင်ငံတော်အကျိုး၊ အများပြည်သူအကျိုး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးစတဲ့ ရှုထောင့်တွေကနေပြီးတော့ ဒီဥပဒေကို သုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အရေးပေါ်စီမံမှု အက်ဥပဒေကို ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးတော့ ၁၉၅၇ ခုနှစ်မှာ (၁)ကြိမ်ပြင်ဆင်ခဲ့တာကို လေ့လာသိရှိရပါတယ်။ ဥပဒေမှာ ပုဒ်မ (၈)ခုပါဝင်ပြီး၊ ပုဒ်မခွဲ (၂)ခု၊ ပုဒ်မခွဲငယ်(၂၅)ခု ပါဝင်ပါတယ်။ ပုဒ်မ ၁ ကတော့ ဥပဒေရဲ့ အမည်ဖြစ်ပြီးတော့ ပုဒ်မ ၈ က ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ အရေးပေါ်စီမံမှု တစ်ချက်လွှတ်ဥပဒေကို ရုပ်သိမ်းတဲ့ ပုဒ်မ ဖြစ်ပါတယ်။ ကျန်တဲ့ ပုဒ်မ (၆)ခုဟာ ပြစ်မှု၊ ပြစ်ဒဏ်ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ ဒီ ဥပဒေမှာ ပြစ်ဒဏ်အနေနဲ့ အနိမ့်ဆုံး ငွေဒဏ်ချမှတ်နိုင်တဲ့ ပြစ်မှုတွေပါသလို အမြင့်ဆုံး သေဒဏ်အထိ ချမှတ်နိုင်သည့် ပြစ်ဒဏ်တွေ ပြဋ္ဌာန်းချက်တွေ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီ အရေးပေါ်စီမံမှုအက်ဥပဒေ စတင်ပေါ်ပေါက်လာခဲ့တဲ့ ခေတ်ကာလ အခြေအနေကို ကြည့်မယ်ဆိုရင် အဲဒီခေတ်ရဲ့ အခါအဝါအရ ပြည်တွင်းရောင်စုံသူပုန်များရဲ့ ဆူပူသောင်းကျန်းမှုတွေကို ထိရောက်ဟန့်တား နှိမ်နင်းနိုင်ဖို့အတွက် အစိုးရအနေနဲ့ အရေးတကြီး ပြဋ္ဌာန်းခဲ့ရတဲ့ အခြေအနေဖြစ်တယ်ဆိုတာကို သမိုင်းလေ့လာသူတိုင်း သိရှိမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ ပြဋ္ဌာန်းခဲ့ရတဲ့ ဥပဒေတစ်ရပ်ဟာ တရားမျှတမှု အခြေခံသဘောတရား အားနည်းမှာဖြစ်ပြီးတော့ အုပ်ချုပ်သူတွေဘက်ကို အာဏာကုန်ပေး အသာစီးရစေမယ့် ရည်ရွယ်ချက်များသာ ပိုပြီးလွှန်ကဲနေမယ်ဆိုတာ ရိုးရိုးလေးပဲ တွေးကြည့်လို့ရပါတယ်။ ဒီအချက်မှန်ကန်တယ်ဆိုတာကို ဘာကသက်သေပြနေသလဲဆိုရင် အရေးပေါ်စီမံမှု အက်ဥပဒေဆိုတဲ့ နာမည်ကိုလည်းမသိ၊ အထဲမှာဘာတွေ ပြဋ္ဌာန်း

ထားတယ်ဆိုတာလည်းမသိကြတဲ့ ကျွန်မတို့ ပြည်သူအများစုကြားမှာ ပုဒ်မ ၅(ည)ဆိုတဲ့ အသံကြားရင်တော့ အားလုံးက ကြောက်ရကောင်းမှန်း သိနေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပုဒ်မကို အသုံးပြုပြီး အာဏာပိုင်တွေ မကျေနပ်ရင် မကျေနပ်သလို တရားစီရင်ရေးအဖွဲ့နဲ့ပေါင်းပြီး အရပ်သားပြည်သူတွေကို ထောင်ချလေ့ရှိတယ်ဆိုတာကို သိထားကြလို့ပဲ ဖြစ်ပါတယ်။

ဥပဒေရဲ့ သဘောတရားမှာ ပြစ်မှုမြောက်/မမြောက်ဆိုတာက သုံးသပ်ရာမှာ ပုဒ်မတစ်ခုချင်းစီအတွက် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ပြစ်မှုအင်္ဂါရပ်တွေနဲ့ အကျုံးဝင်လား၊ မဝင်လားဆိုတာကို ကြည့်ပြီးတော့ ဆုံးဖြတ်ရပါတယ်။ ဥပမာ ခိုးမှုမြောက်ဖို့အတွက်ဆိုရင် သတ်မှတ်ထားတဲ့ ပြစ်မှုအင်္ဂါရပ်တွေ ရှိပါတယ်။ သူတစ်ပါးလက်ရှိဖြစ်တဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတစ်ခုခုကို လက်ရှိဖြစ်သူ သဘောမတူဘဲ မရိုးမဖြောင့်တဲ့ သဘောနဲ့ အဲဒီပစ္စည်းကိုနေရာရွှေ့စေလျှင် ပြစ်မှုမြောက်တယ်လို့ အတိအကျ ပြဋ္ဌာန်းထားပါတယ်။ အဲဒီ အချက်တွေနဲ့ အင်္ဂါရပ်တွေနဲ့ မညီညွတ်ရင်တော့ ပြစ်မှုမမြောက်ပါဘူး။ ဒါပေမဲ့ ဒီအရေးပေါ်စီမံမှု အက်ဥပဒေမှာကတော့ ပုဒ်မတစ်ခုချင်းစီကို လေ့လာတဲ့အခါမှာ ဘယ်အရာဟာ ပြစ်မှုအင်္ဂါရပ်လည်းဆိုတော့ လုံ့လပြုလျှင်၊ ကြံရွယ်လျှင်၊ ကြံရွယ်၍ တစ်ခုခုလုပ်လျှင်ဆိုပြီး စိတ်ကူးရုံနဲ့တင် ပြစ်မှုမြောက်သွားစေနိုင်တဲ့ အခြေအနေကို တွေ့ရှိရပါတယ်။ ဒီလိုတစ်ဖက် စောင်းနင်း သဘောရှိတဲ့ ဥပဒေဟာ တရားစီရင်ရေး ချိန်ခွင်လျှာကို တည့်မတ်နိုင်စွမ်း မရှိပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ ဒီ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းခြင်းမပြုဘဲ ပြင်ဆင် ဖြည့်စွက်လျှင် သင့်တော်မလားလို့ လေ့လာကြည့်ပါတယ်။ ဒါပေမဲ့ နက်နက်နဲနဲလေ့လာသုံးသပ်လေ တရားမျှတမှုကင်းမဲ့လေဆိုတာကို တွေ့ရှိရပါတယ်။ တကယ့်လက်တွေ့မှာလည်း ယုံကြည်ချက်နဲ့ ဒီမိုကရေစီအရေး ကြိုးပမ်းခဲ့ကြတဲ့ နိုင်ငံရေးသမားတွေ၊ သူတို့ရဲ့ ဆွေမျိုးသားချင်းတွေ၊ ကျောင်းသားလူငယ်တွေ၊ စာရေးဆရာတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေဟာ ဒီဥပဒေနဲ့ နှိပ်ကွပ်တာကို ခံခဲ့ရပါတယ်။ ပုဒ်မ ၅(ည)နဲ့ အခြေတည်ပြီးတော့ အဲဒီကနေတစ်ဆင့် နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ သွေးထိုးလှုံ့ဆော်မှု၊ တစ်ခါ မတရားအသင်းအက်ဥပဒေ၊ အဲဒီကနေတစ်ဆင့် ကျွန်မတို့ ပုံနှိပ်အက်ဥပဒေ၊ ဒီလို ဥပဒေပုဒ်မတွေ တပ်ပြီးတော့ ချဲ့ကားပြီးတော့ ပုဒ်မပြောင်း အရေးယူတာတွေလည်း ရှိပါတယ်။ တိုင်းရင်းသားတွေ ဆိုလို့ရှိရင် ပုဒ်မ ၁၇(၁)ရဲ့ ဒဏ်ကို အလူးအလဲခံခဲ့ရပါတယ်။ ဆွေမျိုးသားချင်း အချင်းချင်းမခေါ်ရဲ မပြောရဲ ခွဲခြားခံခဲ့ရတဲ့ အခြေအနေတွေကို ခါးသီးစွာ ကြုံတွေ့ခဲ့ရတာကို အားလုံး အသိပဲ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ အရေးပေါ်စီမံမှုအက်ဥပဒေနဲ့ အပြစ်ပေးခံခဲ့ရတဲ့ နိုင်ငံသားတွေရဲ့ စာရင်းကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ တရားဝင် Official စာရင်းရရှိဖို့အတွက် ကျွန်မ ၂-၉-၂၀၁၆ ရက်နေ့မှာ လွှတ်တော်သုတေသနဌာနမှတစ်ဆင့် မေးမြန်းခဲ့ပါတယ်။ ဒါပေမဲ့ လွှတ်တော်သုတေသနဌာနရဲ့ အားနည်းချက်လေလား၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ သက်ဆိုင်ရာဌာနရဲ့ အားနည်းချက်ကြောင့်လား၊ နှစ်ဖက်စလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်ကြောင့်လားတော့ မသိပါဘူး။ ဒီနေ့အထိ ကျွန်မ ဒီသတင်းအချက်အလက်ကို မရရှိပါဘူး။ ဒါကလည်း အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း (၄)၊ ပုဒ်မ ၁၀(ဂ)အရ လွှတ်တော်ကိုယ်စားလှယ်များရဲ့ သတင်းအချက်အလက် ရယူပိုင်ခွင့် အခွင့်အရေးဆုံးရှုံးတယ်လို့ ဆိုနိုင်ပါတယ်။ လွှတ်တော်ရဲ့ အခွင့်အရေးကို ထိပါးရာရောက်တယ်လို့ အခုအချိန်မှာ အလျဉ်းသင့်တဲ့အတွက် ဥက္ကဋ္ဌကြီးကို တင်ပြရခြင်းဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများ

ကူညီစောင့်ရှောက်ရေးအသင်း (A.A.P.P) မြန်မာနိုင်ငံနဲ့ဆက်သွယ် မေးမြန်းလို့ သိရှိရတာကတော့ အရေးပေါ်စီမံမှုအက်ဥပဒေအရ အရေးယူအပြစ်ပေးခံရတဲ့ သူအများစုဟာ အထက်မှာ ကျွန်မတင်ပြခဲ့တဲ့ အရပ်သားပြည်သူတွေသာ ဖြစ်ပါတယ်။ လက်ရှိကျွန်မတို့ လွှတ်တော်ထဲမှာတင် ဒီ ကျွန်မတို့ပြည်သူ့ကိုယ်စားလှယ်တချို့ဟာလည်း ဒီဥပဒေကြောင့် တစ်ချိန်က ဒုက္ခရောက်ခဲ့ကြဖူးပါတယ်။ တကယ်တော့ ဒီဥပဒေဟာ တိုင်းပြည်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို သုတ်သင်နေတဲ့ ဥပဒေလို့တောင် ဆိုနိုင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အရေးပေါ်စီမံမှု အက်ဥပဒေတွေကို ဖျက်သိမ်းလိုက်မယ်ဆိုရင် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်မလဲဆိုတာကို သုံးသပ်ရာမှာ ဒီဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြစ်မှုတွေကို လက်ရှိတည်ဆဲဖြစ်တဲ့ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်မှု အက်ဥပဒေ၊ ၁၉၄၇ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းစောင့်ရှောက်မှု အက်ဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ပြစ်မှုဆိုင်ရာ ဥပဒေတွေနဲ့လည်း အလားတူ အပြစ်ပေးလို့ရတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁)မှာလည်း အရေးပေါ်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ပါရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီအက်ဥပဒေကို ရုပ်သိမ်းလိုက်ခြင်းအားဖြင့် နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို ထိခိုက်စေမှာ မဟုတ်ပါဘူး။

အခုအချိန်မှာ ပြည်သူအများစုက ရွေးချယ်တာဝန် အပ်နှင်းခံထားရတဲ့ ပြည်သူ့အစိုးရဟာ တစ်ဖက်မှာ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်တိုးတက်ရေးကို ဆောင်ရွက်နေသလို တစ်ဖက်မှာ အခက်အခဲပေါင်းများစွာကို ဖြေရှင်းနေရတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ရလဒ်ကောင်းတစ်ခုအနေနဲ့ အစိုးရသက်တမ်း တစ်နှစ်မပြည့်ခင်မှာဘဲ (၂၁)ရာစု ပင်လုံညီလာခံကို အကောင်အထည်ဖော် ကျင်းပနိုင်ပြီးတော့ နှစ်ပေါင်းများစွာ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းပြီလို့ဆိုနိုင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးဟာ အရေးကြီးပါတယ်။

ဒီလိုယုံကြည်မှု တည်ဆောက်ရာမှာ အာဏာလက်ရှိဖြစ်သူက အာဏာလက်မဲ့ ဖြစ်သူတွေကို အချိန်မရွေး မလိုရင်မလိုသလို အရေးယူနှိပ်ကွပ်နိုင်တဲ့ ဥပဒေမျိုးတွေ ရှိမနေသင့်တော့ပါဘူး။ လုပ်ပိုင်ခွင့်ရှိသူဟာ သူလုပ်ချင်တိုင်း မလုပ်ပါဘူးလို့ ပါးစပ်နဲ့ ပြောနေရုံနဲ့ မလုံလောက်ပါဘူး။ တစ်ဖက်ရဲ့ ယုံကြည်စိတ်ချမှုရှိအောင် လက်တွေ့ပြရပါတယ်။ ဒါဟာ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် အရေးကြီးတယ်လို့ ယုံကြည်တဲ့အတွက် တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။ တချို့ပုဂ္ဂိုလ်များက ပြောပါတယ်။ ဒီဥပဒေကြောင့် အပြစ်မဲ့ပြည်သူတချို့ ဒုက္ခရောက်ခဲ့ကြတာ မှန်ပါတယ်။ ဒါပေမဲ့ ဒီလိုဖြစ်ရတာ ဥပဒေကို အသုံးပြုဆောင်ရွက်တဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေကြောင့် ဖြစ်ရတယ်လို့ ဆိုပါတယ်။ ကျွန်မအမြင်ကတော့ ဥပဒေကို အသုံးပြုသူက လိုသလိုလုပ်လို့ရနေတာကိုက ဒီဥပဒေရဲ့ ကြီးမားတဲ့ ချို့ယွင်းချက်ဖြစ်တယ် ဆိုတာပါပဲ။ အရေးပေါ်စီမံမှုအက်ဥပဒေက ခေတ်ကာလနဲ့ မလျော်ညီတော့တဲ့အပြင် သန္ဓေတည်စဥ်ကတည်းက တရားမျှတမှု ကင်းမဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ယခင်အစိုးရခေတ်အဆက်ဆက် ဒီဥပဒေကို အသုံးပြုပြီး ပြည်သူကို အကာအကွယ်ပေးတယ်လို့ မခံစားရဘဲ ပြည်သူကို နှိပ်ကွပ်တယ်လို့သာ ပြည်သူက ခံစားနေရတဲ့ ဥပဒေဖြစ်ပါတယ်။ နိုင်ငံရေးယုံကြည်ချက်ကြောင့် သဘောထားအမျိုးမျိုးရှိနေကြတဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေ အသီးသီးနဲ့

အစိုးရအကြား ယုံကြည်မှုထိခိုက်စေတဲ့ ဥပဒေဖြစ်တဲ့အတွက် ဒီ အရေးပေါ် စီမံမှုအက်ဥပဒေ ရုပ်သိမ်းသင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ တက်ရောက်လေ့လာတဲ့ ပြည်သူများကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူကြပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ ကျွန်တော်က အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့စွဲအပေါ် ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ဦးစွာပထမ တရားဥပဒေစိုးမိုးရေး၊ (Rule of Law) ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ဥပဒေအရ အုပ်ချုပ်တဲ့ (Rule by Law)ကို အနည်းငယ်တင်ပြလိုပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၂-၉-၂၀၁၆ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ ဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ တင်ပြဆွေးနွေးမှုကို ပြန်လည်သုံးသပ်ရမယ်ဆိုရင် တရားမျှတမှုရှိတဲ့ ဥပဒေများ (Rule of Law) ဖြစ်ထွန်းပေါ်ပေါက်ရေးဟာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အစိုးရတို့ရဲ့ စေတနာနဲ့ လုပ်ရပ်အပေါ်မှာ မူတည်တဲ့ တရားကိုယ်သဘောကို နားလည်ရပါတယ်။ အများပြည်သူနဲ့ နိုင်ငံတော် အကျိုးစီးပွားကို ကာကွယ်သော ဥပဒေဖြစ်ရာမှာ ပြည်သူ့အစိုးရဖြစ်ရပါမယ်။ အာဏာရှင်ဆန်စွာ ဥပဒေကဲ့သို့ အာဏာတည်စေတဲ့ အမိန့်နဲ့အုပ်ချုပ်တဲ့ (Rule by Law)လို့ အကြမ်းအားဖြင့် သတ်မှတ်ရပါတယ်။ အာဏာရှင်တို့ပင်လျှင် ပြည်သူနဲ့ နိုင်ငံ့အကျိုးကို တရားမျှတစွာ အုပ်ချုပ်ခဲ့မယ် ဆိုရင်တော့ ကောင်းမွန်တဲ့ အုပ်ချုပ်မှု ဖြစ်မယ်လို့လည်း ယူဆမိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းမယ့်အစား တချို့သောပုဒ်မများကို ဆက်လက်ကျင့်သုံးသင့်ပါကြောင်းကို ကျိုးကြောင်းပြဆွေးနွေးလိုပါတယ်။ ကျွန်တော်ပယ်ဖျက်လိုတဲ့ ဥပဒေပုဒ်မများကို Power Point နဲ့ တင်ပြခွင့်ပြုနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ စနစ်(၃)ခုနဲ့ ခေတ်(၂)ခုကို လွတ်လပ်ရေးရပြီးသည်မှ ယနေ့အထိ တွေ့ကြုံခဲ့ရပါတယ်။ ၁၉၄၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်၊ ၁၉၇၄ ခုနှစ် မှ ၁၉၈၈ ခုနှစ်အထိက ဆိုရှယ်လစ်စနစ်နဲ့ ၂၀၁၀ ခုနှစ်က ယနေ့အထိ ပါတီစုံဒီမိုကရေစီစနစ်များ ဖြစ်ပါတယ်။ ခေတ်(၂)ခုကတော့ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်ကာလများဟာ အာဏာရှင်စစ်အစိုးရကာလများ ဖြစ်ခဲ့ကြပါတယ်။ ယခု အရေးပေါ်စီမံမှု အက်ဥပဒေဟာ ၉-၃-၁၉၅၀ ရက်နေ့မှာ စတင်ပြီး အာဏာသက်ရောက်ခဲ့ပါတယ်။

အဆိုပါ ဥပဒေထက် စောစွာတည်ရှိနေတဲ့ ဥပဒေက ၁၉၄၇ ခုနှစ်၊ ပြည်သူ့ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းစောင့်ရှောက်မှုအက်ဥပဒေ (The Public Order Preservation Act) ဖြစ်ပါတယ်။ အထက်ပါဥပဒေ နှစ်ရပ်စလုံးမှာ ယနေ့အထိ ကျင့်သုံးဆဲ၊ တည်ဆဲဥပဒေများလည်း ဖြစ်နေပါတယ်။

ထို့အပြင် ၁၉၅၄ ခုနှစ်နောက်ပိုင်းမှာ အရေးပေါ်စီမံမှု အက်ဥပဒေကိုပင် ထပ်မံပြီးအက်ဥပဒေအမှတ် (၄၆/၅၈)ဖြင့် ပြင်ဆင်ခဲ့တဲ့အတွက်ကြောင့် အတော်ပင်ပြီးပြည့်စုံတယ်လို့ ယူဆမိပါတယ်။ ကာလ၊ ဒေသ၊ ပယောဂကို ချိန်ထိုးကြည့်မယ်ဆိုရင် လွတ်လပ်ရေးရပြီးစ နိုင်ငံရေးအခြေအနေမတည်ငြိမ်သေးတဲ့ ပါလီမန်ဒီမိုကရေစီစနစ်ကာလ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထိုဥပဒေနဲ့ ထိုကာလဟာ သဟဇာတဖြစ်အောင် ရေးဆွဲပြင်ဆင်ကြတာ ယုံမှားသံသယဖြစ်စရာ မလိုပါဘူး။ အထက်ပါဥပဒေဟာ မည်မျှပင် ကောင်းမွန်ပါစေ အထက်ပါ စနစ်(၃)ခု၊ ခေတ်(၂)ခုရဲ့ အုပ်ချုပ်မှုကာလမှာ ရက်စက်စွာ တရားမျှတမှု ကင်းမဲ့စွာ ကျင့်သုံးခဲ့တာကတော့ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိနဲ့ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ စစ်အာဏာရှင်အုပ်ချုပ်ရေးကာလဟာ အဲဒီကာလ(၂)ခု ဖြစ်ပါတယ်။ အဲဒီကာလ(၂)ခုမှာတောင် ပထမ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်ကာလဟာ နိုင်ငံရေးသမားများနဲ့ ပြည်သူများကို ပုဒ်မ ၅ နဲ့ စွဲပြီး ထောင်ထဲမှာ (A Class , B Class) စသည်ဖြင့် အဆင့်နှစ်ခုနဲ့ ခွဲခြားဆက်ဆံခဲ့ပါသေးတယ်။ ဒါဟာဘာကြောင့် ဒီလိုဆက်ဆံလဲဆိုရင် အဲဒီစစ်အစိုးရဟာ ပြည်သူနဲ့အတူ လက်တွဲပြီး လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲခဲ့ဖူးတယ်။ နိုင်ငံရေးသဘောတရားအခြေခံကောင်းတွေရှိတယ်။ နိုင်ငံတကာအတွေ့အကြုံတွေ ဆက်ဆံမှုတွေရှိတဲ့အတွက် ဖမ်းဆီးခံနိုင်ငံရေးသမားတွေအပေါ်မှာ နိုင်ငံတကာစံနှုန်းနဲ့ အဲဒီအချိန်တုန်းက ဆက်ဆံခဲ့ပါတယ်။

သို့သော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကာလ၊ တံခါးပိတ်ဝါဒ၊ ဦးနှောက်ကို Brain Wash လုပ်တဲ့ကာလ၊ Brain Drain ဖြစ်နေတဲ့ ကာလမှာ ဖြစ်တည်လာတဲ့ စစ်အာဏာရှင်အစိုးရဟာ ၁၉၈၈ ခုနှစ်က ၂၀၁၀ ခုနှစ် ဒီကာလမှာ နိုင်ငံရေးသမားများနဲ့ အာဏာရှင်စနစ်ကို ဆန့်ကျင်သူများအတွက် ပုဒ်မ ၅(ည)နဲ့ ဥပဒေများဟာ အပြစ်ပိုမိုကြီးလေးစေရန် ရေလဲနဲ့ သုံးစွဲပြီး ထောင်ဒဏ်အနှစ်(၂၀)၊ အနှစ်(၆၀)စသည်ဖြင့် ကျခံခဲ့ရတာတော့ ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့တဲ့ကာလလည်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ စစ်အာဏာရှင်ရဲ့ နှိပ်စက်ခြင်းဒဏ်ခံခဲ့ရတဲ့ အကျဉ်းကျခံခဲ့ရတဲ့ ပုဂ္ဂိုလ်များအတွက် စစ်အာဏာရှင်နဲ့ ဤဥပဒေတို့ဟာ လုံးဝစက်ဆုပ်စရာ၊ နာကြည်းစရာ ဖြစ်နေနိုင်ပါတယ်။ ကိုယ်ချင်းစာတရားဖြင့်လည်း နားလည်ပေးနိုင်ပါတယ်။ တစ်ဖန် ဒီဥပဒေကို (SWOT) နည်းနဲ့ Strengths, Weaknesses Opportunities, Threats (SWOT)နည်းနဲ့ Analysis လုပ်ပြီးတော့ ကျွန်တော်လေ့လာလို့ရှိရင် လက်ရှိမိမိတို့ ပြည်သူ့ဒီမိုကရေစီ အစိုးရအတွက် ဒီဥပဒေရဲ့ အားသာချက်၊ အားနည်းချက်တကယ်လို့ သုံးမယ်ဆိုရင် အားသာချက်က အရေးပေါ်စီမံမှုအက်ဥပဒေဟာ တရားစွဲဆိုခွင့် အမိန့်ပါရှိရမယ်လို့ ပြဋ္ဌာန်းချက် မပါရှိတဲ့အတွက် တရားစွဲဆိုခွင့်အမိန့် မပါဘဲ ရုံးတင်လိုက်ရင် လက်ခံစစ်ဆေးနိုင်သည့် မြန်ဆန်မှုရှိပါတယ်။ နိုင်ငံတော်အတွက် အရေးကြီးသည့် မှုခင်းများကို အကာအကွယ်ပြုခြင်း၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် လုံခြုံမှုဖြစ်စေမယ့် ပြည်ပအန္တရာယ် ကာကွယ်ခြင်း၊ ပြည်သူများရဲ့လုံခြုံရေးကို အခါခပ်သိမ်းရှေးရှုပြဋ္ဌာန်းတဲ့ ဥပဒေတွေ ဖြစ်ပါတယ်။

ဒီဥပဒေရဲ့ အားနည်းချက်က တကယ်လို့ ဒီ ဥပဒေဟာ အာဏာရှင်လက်အောက် နိုင်ငံတော်သက်ရောက်ခဲ့ရင်တော့ အများအကျိုးအတွက် မကြည့်ဘဲနဲ့ အတ္တအကျိုးကြည့်ပြီး စာနာမှုကင်းမဲ့စွာ

အသုံးပြုခဲ့ရင်တော့ အလွန်ကြီးလေးတဲ့ ပြစ်ဒဏ် ဖြစ်နေပါတယ်။ အခွင့်အလမ်းအနေနဲ့ သုံးသပ်ရမယ်ဆို ပြည်သူ့အကျိုးစီးပွားကို ထိပါးသော စော်ကားသူများကို ထိရောက်စွာကာကွယ်တွန်းလှန် နိုင်ပါတယ်။ ကျွန်တော်တို့ ယနေ့အချိန်မှာလည်း သုံးစွဲလို့ ဖြစ်နိုင်ပါတယ်။ ခြိမ်းခြောက်မှုအနေနဲ့ သုံးသပ်ရမယ်ဆိုရင် ဒီဥပဒေဟာ လူဆိုတာ အာဏာယစ်မူးတတ်တဲ့ သတ္တဝါဖြစ်တဲ့အတွက် ဒီမိုကရေစီနဲ့ ပြည်သူ့အာဏာဖြင့် အုပ်ချုပ်လင့်ကစား လွတ်ထွက် ချွတ်ချော်မှုများ ရှိနိုင်ပါတယ်။ ဥပမာ အမျိုးသားရေး ဦးစားပေးလွန်းတဲ့ ဟစ်တလာ လိုပုဂ္ဂိုလ်မျိုးဟာ ဘယ်လိုပဲ ပြည်သူထောက်ခံပေမယ့် သူဟာ တစ်ဖက်စွန်းရောက်တဲ့ ပုဂ္ဂိုလ် ပေါ်လာနိုင်ပါတယ်။ မည်သို့ဆိုစေ ဒီဥပဒေရဲ့ ကောင်းကွက်၊ ဆိုးကွက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပညာရှိ သတိဖြစ်ခဲ မဖြစ်စေရန် ရည်သန်၍ Radical Thinking အမြစ်ဖြတ် စဥ်းစားခြင်းကို ရှောင်ပြီးတော့ Rational Thinking ကျိုးကြောင်းဆက်စပ် တရားမျှတသော နည်းနဲ့ သုံးသပ်ကာ ဆုံးဖြတ်စေလိုတဲ့ အာသီသဖြင့် ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပစ္စက္ခ မြန်မာ့နိုင်ငံရေးအခြေအနေ ထင်ဟပ်ကာ ဆွေးနွေး တင်ပြလိုပါတယ်။ လက်ရှိအစိုးရရဲ့သက်တမ်းဟာ အလွန်နုနယ်သေးပါတယ်။ နိုင်ငံတော် အဖွဲ့အစည်းနဲ့ ဆောင်ရွက်တဲ့အတွေ့အကြုံလည်း နည်းလှပြီး အရိုးအရင်းက ခေါက်ရိုးကျိုးနေတဲ့ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားနဲ့ ကျွန်တော်တို့ နပန်းလုံးနေရတဲ့ကာလလည်း ဖြစ်ပါတယ်။ ပထဝီဝင် နိုင်ငံရေးအရ အနောက်တံခါးနဲ့ အရှေ့တံခါးဟာ လုံခြုံမှုအားနည်းကာ ပြဿနာ မကြာခဏ ဖြစ်နေတဲ့ ကာလလည်း ဖြစ်ပါတယ်။ ဒီဥပဒေဟာ အချုပ်အခြာအာဏာအတွက် ခြံစည်းရိုးသဖွယ် ဖြစ်တဲ့အတွက် တည်ဆဲဥပဒေကို ခြုံငုံကာကွယ်အစားထိုးနိုင်တဲ့ဥပဒေသစ်တွေ ပြဋ္ဌာန်းပြီးမှသာလျှင် အဟောင်းကို ဖျက်သင့်ပါတယ်။

ယနေ့ ဖော်ဆောင်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကာလမှာ အတိမ်းအစောင်းမခံ သတိတမံ ဉာဏ်မြေကတုတ်နဲ့တကွ အားထုတ်ရမယ့်ကာလလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးသတိ အစဥ်အမြဲရှိနေဖို့ လိုအပ်ပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းရေးရပြီးတဲ့ ကာလတစ်ခုကျော်မှသာ မလိုအပ်သောဥပဒေများ ဖယ်ရှားသင့်ပါတယ်။ ကျွန်တော် Conflict Management ဆိုတဲ့ ပဋိပက္ခထိန်းသိမ်းမှု ကွပ်ကဲစီမံခြင်းအရ သုံးသပ်ကြည့်ပါတယ်။ အားလုံး ဘုံသဘောတူညီမှုရရှိတဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် နည်းလမ်း(၅) သွယ်ကို အခြေခံကာ ကျွန်တော်တို့ ညှိနှိုင်းရပါတယ်။ ဒါကတော့ အားပြိုင် အနိုင်ယူခြင်းဆိုတဲ့ (Competitive and Forcing) အလျှော့ပေးခြင်း၊ လိုက်လျောခြင်းဆိုတဲ့ (Accommodation) နဲ့ အချိုးကျခွဲဝေခြင်း (Sharing) အားလုံးသဘောတူပူးပေါင်းကာ အဖြေရှာခြင်း (Collaboration) နဲ့ ကျောခိုင်းရှောင်ထွက်သွားခြင်း (Avoidance)ဆိုတဲ့ နည်းများထဲမှ အခု ကျွန်တော်တို့ဟာ အားလုံး သဘောတူပူးပေါင်း ဆောင်ရွက်မယ့် Collaboration နည်းနဲ့ အဖြေရှာနိုင်မှ သဘောမတူညီခြင်းမှ သဘောတူညီခြင်း ဖြစ်တဲ့ Disagree to Agree ဆိုတဲ့ အားလုံးစိတ်တူညီမျှ သဘောကျတဲ့ သူနိုင်ကိုယ်နိုင် (Win Win Situation) ဖြစ်တဲ့ အခြေအနေကို ရောက်ပါမယ်။ ဒီလိုရောက်အောင်လည်း အချိန်ကာလတစ်ခုကို စောင့်ရပါလိမ့်မယ်။ အထက်ဖော်ပြပါ Win Win Theory အရ ဆိုရရင်တောင်မှပဲ ပဋိပက္ခတစ်ခုဟာ ငြိမ်းချမ်းရေးဖြစ်စဥ် တစ်ခုရပြီးတဲ့အခါမှာ (၅)နှစ်တစ်ခါ ပြန်လည်ပြီးတော့ ဖြစ်တတ်တဲ့ သဘာဝ ရှိတယ်လို့လည်း ဆိုပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြလိုတာက အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အရေးပေါ်စီမံမှုအက်ဥပဒေ အားလုံးဟာ လုံးဝဖျက်သိမ်းမယ့်အစား မလိုလားအပ်တဲ့ အစားထိုးမှု၊ ပြင်ဆင်မှုတွေ ပြုလုပ်သင့်ပါကြောင်း အထက်ပါ တင်ပြပါ တည်ဆဲ ဥပဒေများကို ထိုသို့ ပြုပြင်ပြီးမှသာ ဖျက်သိမ်းသင့်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဗိုလ်မှူးဝင်းသိန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော် များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရုပ်သိမ်းခြင်းမပြုဘဲ ခေတ်ကာလအခြေအနေနဲ့ လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းသင့် ပါကြောင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်၏ ဆွေးနွေးမှုကို Power Point သုံးစွဲခွင့်ပြုနိုင် ပါရန် ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားလုံခြုံရေး (National Security)၊ နိုင်ငံတော်လုံခြုံရေး(State Security)နဲ့ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ ဘဝလုံခြုံရေး(Public Security)အတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေ ဖြစ်ပါတယ်။ ဒီဥပဒေကို ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးတော့ ပုဒ်မ စုစုပေါင်း(၈)ခု ပါဝင်ပါတယ်။ ဒီ့အပြင် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ရှောက် တဲ့ဥပဒေအဖြစ် မြန်မာနိုင်ငံဥပဒေအတွဲ (၂)၊ ဥပဒေအမှတ်(၁၇)နဲ့ ပြဋ္ဌာန်းထားတဲ့ အရေးကြီးသော ဥပဒေတစ်ရပ်လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးအတွက် ဒီဥပဒေဟာ မရှိမဖြစ် လိုအပ်ကြောင်းကို ကျွန်တော့်အနေနဲ့ ခိုင်ခိုင်မာမာ ဆွေးနွေးတင်ပြလိုပါတယ်။ အမျိုးသားလုံခြုံရေး ဆိုတာ နိုင်ငံရေးရာကိစ္စရပ်တွေ၊ နိုင်ငံတကာရေးရာကိစ္စရပ်တွေအတွက် မိမိတို့ရဲ့ အမျိုးသား အကျိုး စီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ သို့တည်းမဟုတ် တိုးပွားလာစေဖို့အတွက် ဖြစ်တန်ရာ တွေ့ရှိတဲ့ ပြည်တွင်း/ပြည်ပ ခြိမ်းခြောက်မှုအန္တရာယ်များကိုဖြစ်စေ၊ ပြည်ပက ကြိုးကိုင်ဖန်တီးနေတဲ့ ပြည်တွင်း ခြိမ်းခြောက်မှုအန္တရာယ်များကိုဖြစ်စေ ဆန့်ကျင်တွန်းလှန် ဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံတော်အစိုးရက ချမှတ်ထားတဲ့ မူဝါဒအစိတ်အပိုင်း တစ်ရပ်ဖြစ်ပြီး ကျွန်တော်တို့ အမေရိကန် ပညာရှင်များ ဖြစ်ကြတဲ့ Frank Trager နဲ့ Frank Simonie တို့က နေပြီးတော့ အဓိပ္ပာယ်ဖွင့်ဆို ထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ချီတက်တဲ့အခါမှာ ခိုင်မာအားကောင်းပြီးတော့ စည်းနှောင်မှု ကောင်းတဲ့ ဥပဒေ ရှိရမှာဖြစ်ပါတယ်။ ဒီဥပဒေဟာ စစ်မက်ဖြစ်ပွားစဉ်ကာလအတွင်းမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာ တွေကို ကာကွယ်ရန်အတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေသက်သက်မဟုတ်ဘဲနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ဘဝလုံခြုံရေးအတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေတစ်ရပ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြဋ္ဌာန်းချက်များကို ကျွန်တော်တို့ ပြန်လည် သုံးသပ်ကြည့်ရမယ်ဆိုလို့ရှိရင် ပုဒ်မ ၄ မှာ ကျွန်တော်တို့ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခဲ့ သူအား သို့တည်းမဟုတ် ကျူးလွန်ဆဲဖြစ်သူအား ကူညီရန်ကြံရွယ်၍ဖြစ်စေ၊ ကူညီရန်ရောက်စေမည်ဟု သိလျက်နဲ့ဖြစ်စေ၊ မည်သူမဆို ပုဒ်မခွဲ(က)မှာ မီးရထားလမ်းကိုဖြစ်စေ၊ ဥမင်ကိုဖြစ်စေ၊ မီးရထား သွားလာမှုကိုဖြစ်စေ အနှောင့်အယှက်ပြုလျှင် သို့တည်းမဟုတ် ပုဒ်မခွဲ(ခ)မှာ မီးရထားလမ်းများ၊ ဥမင်များနဲ့ပတ်သက်သော ဝတ္ထုပစ္စည်းတစ်ရပ်ရပ်ကို ပျက်စီးစေလျှင် သို့တည်းမဟုတ် ပုဒ်မခွဲ(ဂ)မှာ အစိုးရရဲ့ ဝိုင်ယာလက် သို့တည်းမဟုတ် ကြေးနန်းဆက်သွယ်ရေး သို့တည်းမဟုတ် စကားပြော ကြေးနန်းဆိုင်ရာ ကြိုးတိုင်ကိုဖြစ်စေ၊ တိုင်ကိရိယာကိုဖြစ်စေ၊ အခြားသော ပစ္စည်းများကိုဖြစ်စေ ပျက်စီး စေလျှင် သို့တည်းမဟုတ် အနှောင့်အယှက်ပြုလျှင် သို့တည်းမဟုတ် ပုဒ်မခွဲ(ဃ)မှာ ကြေးနန်း သို့တည်းမဟုတ် စကားပြောကြေးနန်းနှင့်ပေးပို့သော သတင်းစကားကို ကြားဖြတ်၍ ဖတ်ရှုနားထောင်ရန် ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာဝတ္ထုပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင် သို့တည်းမဟုတ် အနှောင့်အယှက် ပြုလျှင် သို့တည်းမဟုတ် ဖြတ်တောက်လျှင် သို့တည်းမဟုတ် ပုဒ်မခွဲ(င)မှာ လေယာဉ်ပျံ၊ လေယာဉ်ပျံကွင်း သို့တည်းမဟုတ် ရေကြောင်းသွားလာရေးနှင့်ပတ်သက်သော ကိရိယာတန်ဆာပလာ ပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင် သို့တည်းမဟုတ် အနှောင့်အယှက်ပြုလျှင်လို့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေ ပြဋ္ဌာန်းချက်တွေရဲ့ အနှစ်ချုပ်ကို ကျွန်တော်တို့ ပြန်လည်ကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ဘဝ လုံခြုံရေး အတွက် ဆောင်ရွက်နေတဲ့ဝန်ထမ်းတွေ၊ တပ်ဖွဲ့တွေနဲ့ ပတ်သက်တဲ့ကျူးလွန်မှုတွေ အများပြည်သူတွေ စီးနင်းလိုက်ပါနေတဲ့ ယာဉ်၊ ရထား၊ လေယာဉ်ကဲ့သို့ ကျွန်တော်တို့ စီးနင်းလိုက်ပါတဲ့ ယာဉ်နဲ့ ပတ်သက်လို့ ကျူးလွန်မှုတွေ၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဆက်သွယ်မှုစနစ်ကို နှောင့်ယှက်ဖျက်ဆီးတဲ့ ကျူးလွန်မှုတွေ၊ အများပြည်သူတို့ရဲ့ ကျန်းမာရေး၊ အသက်အန္တရာယ်ကို ထိခိုက်စေတဲ့ ကျူးလွန်မှုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ထိရောက်စွာ ကာကွယ်စောင့်ရှောက်နေတဲ့ ဥပဒေတစ်ရပ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ဘဝလုံခြုံရေးအတွက် ဆောင်ရွက်နေတဲ့ ဒီဥပဒေကို ဖျက်သိမ်းလိုက်မယ်ဆိုရင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ဘဝဟာ ဥပဒေရဲ့ အကာအကွယ်မဲ့သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ဘဝကို ထိရောက်စွာ အကာအကွယ်ပေးနိုင်တဲ့ ဥပဒေတစ်ရပ်က ပျောက်ပျက်သွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကမ္ဘာ့နိုင်ငံအနှံ့၊ နေရာဒေသအနှံ့အပြားမှာ ကျွန်တော်တို့ အကြမ်းဖက်မှုတွေ Terrorism တွေ ဖြစ်နေပါတယ်။ ဒီ ပြဿနာတွေကို ဖန်တီးနေတဲ့ Terrorist အကြမ်းဖက်သမားတွေဟာ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနဲ့ သော်လည်းကောင်း နိုင်ငံတော်ရဲ့ Infrastructure တွေ၊ နိုင်ငံတော်လုံခြုံရေးနဲ့ နိုင်ငံသူ၊ နိုင်ငံသား

တွေရဲ့ ဘဝတွေကို အသက်အန္တရာယ်ကိုထိခိုက်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီပြဿနာတွေဟာ ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်းနိုင်ငံအထိကို ကျွန်တော်တို့ ဒါ ကူးစက်လာပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သူတို့နိုင်ငံရဲ့ National Security အမျိုးသားလုံခြုံရေးအတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေ ရှိပါတယ်။ ဒီဥပဒေဟာ အမေရိကန်နိုင်ငံမှာဆိုလို့ရှိရင် The National Emergency Act 1976 ကို ပြဋ္ဌာန်းထားပြီးတော့ ဒါ ကျွန်တော်တို့ အင်္ဂလန်နိုင်ငံမှာဆိုလို့ရှိရင် The National Emergency Act Civil Congency Act 2004 ကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အိမ်နီးနားချင်း နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာလည်း ဒါ ကျွန်တော်တို့ National Security Act 1980 ကို ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖြစ်ပျက်နေတဲ့ အကြမ်းဖက်မှုအခြေအနေတွေနဲ့ ကျွန်တော်တို့ရဲ့ ပြည်တွင်း/ပြည်ပ အခြေအနေ အရပ်ရပ်ကြောင့် ဒီဥပဒေဟာ ဆက်လက် ပြဋ္ဌာန်းသင့်တဲ့ဥပဒေ ဖြစ်ပါတယ်။

အကယ်၍ ဒီဥပဒေကို ရုပ်သိမ်းလိုက်မယ်ဆိုလို့ရှိရင် ဒီဥပဒေနဲ့ ဆက်စပ်ပြဋ္ဌာန်းထားတဲ့ ၁၉၅၇ ခုနှစ်၊ အရေးပေါ် စီမံမှု ယာယီပြင်ဆင်ချက် အက်ဥပဒေကိုလည်း ကျွန်တော်တို့ ဖျက်သိမ်းရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၅၇ ခုနှစ်၊ အရေးပေါ်စီစဥ်မှု ယာယီပြင်ဆင်ချက် အက်ဥပဒေမှာ ကျွန်တော်တို့ ဤဥပဒေ အာဏာတည်သမျှကာလပတ်လုံး ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေသည် ၎င်း၏ ပုဒ်မ ၆ နောက်တွင် အောက်ပါကို ပုဒ်မ ၆-က အဖြစ် ထည့်သွင်းထားသကဲ့သို့ အကျိုးသက်ရောက်စေရမည်လို့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါ ဘာလဲဆိုတော့ ကျွန်တော်တို့ အများပြည်သူရဲ့ အသက်အန္တရာယ်၊ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ လုံခြုံမှုကို ပြထားတဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဥပဒေကို ရုပ်သိမ်းလိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဤဥပဒေနဲ့ အလားသဏ္ဌာန်တူတဲ့ ဥပဒေတစ်ခုကို ကျွန်တော်တို့ Wording တွေကို ပြင်ဆင်ပါ။ Essence ကို ထည့်သွင်းပြီးတော့ ပြဋ္ဌာန်းပြီးမှသာလျှင် ဤဥပဒေကို ရုပ်သိမ်းသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲဥပဒေ (Existing Law)တစ်ခုကို အဆောတလျင် ကျွန်တော်တို့ ရုပ်သိမ်းလိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို ထိရောက်စွာ အကာအကွယ်ပေးတဲ့ ဥပဒေတစ်ခုဟာ ပျောက်ပျက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းရန် မသင့်သေးပါကြောင်းနဲ့ ရုပ်သိမ်းမည်ဆိုပါကလည်း ဤဥပဒေနဲ့ အလားသဏ္ဌာန်တူသော ဥပဒေတစ်ခုကို ရေးဆွဲပြဋ္ဌာန်းပြီးမှသာလျှင် ရုပ်သိမ်းသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နန်းနီနီအေး ဖြစ်ပါတယ်။ အရေးပေါ်စီမံမှု အက်ဥပဒေဟာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းသူပြည်သားများရဲ့ လုံခြုံရေးကို အခါခပ်သိမ်း ရှေးရှုပြီး ၁၉၅၀ ပြည့်နှစ်၊ ပါလီမန်ဒီမိုကရေစီခေတ်က ဒီမိုကရေစီစံနှုန်းများနဲ့အညီ ပြဋ္ဌာန်းခဲ့တဲ့ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ဖြစ်ပါတယ်။

ကျွန်မအနေနနဲ့ ဒီ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး တော့မှ ဥပဒေတစ်ခုလုံးကို ခြုံငုံပြီးတော့မှ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီအရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းရခြင်းဟာ ယနေ့အချိန်အခါ၊ အခြေအနေနဲ့ သက်ဆိုင်မှုမရှိခြင်း၊ နိုင်ငံသား များအားဖိနှိပ်ချုပ်ချယ်ခြင်း၊ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးကို ထိခိုက်နစ်နာစေခြင်း၊ ရာဇသတ် ကြီးရဲ့ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ဆိုလိုရင်းသဘောတရားများ တူညီနေခြင်းကြောင့်ဆိုပြီး တင်ပြထား တာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဤဥပဒေတစ်ခုလုံးရဲ့ အနှစ်သာရကို လေ့လာ စိစစ်ကြည့်မယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ပုဒ်မများဟာ တစ်ခုနဲ့ တစ်ခု ဆက်စပ်နေတဲ့အပြင် ဥပဒေရဲ့ အနှစ်သာရ အပိုင်းမှာလည်း ပုဒ်မတစ်ခုနဲ့ တစ်ခု၊ ပုဒ်မခွဲ တစ်ခုနဲ့ တစ်ခု အဓိပ္ပာယ်သက်ရောက်မှုတွေ ရှေ့နောက် ညီညွတ်မှုရှိတာကိုလည်း တွေ့ရှိရမယ့်အပြင် အချက်အလက်အားဖြင့်လည်း အသေးစိတ် ပါဝင်နေပြီးတော့ ပြစ်ဒဏ်အားဖြင့်လည်း ကြီးလေးနေတာကို တွေ့နိုင်ပါတယ်။ နိုင်ငံတော် လုံခြုံမှု၊ ပြည်သူ့ဘဝလုံခြုံမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို လုံးဝထိခိုက်မှု မရှိစေဘဲ ရာဇသတ်ကြီးဥပဒေ ထက် ပိုမိုခိုင်မာပြည့်စုံအောင်ဆိုပြီး အရေးကြီးတဲ့အကြောင်းအရာများကိုပဲ ရွေးထုတ်ပြဋ္ဌာန်းထားတာ ကို တွေ့ရပါတယ်။ ဒီ ဥပဒေနှစ်ရပ်လုံးရဲ့ အရေးအသား၊ အသုံးအနှုန်း၊ သဘောတရားများဟာ တူသလို ရှိသော်လည်း ဥပဒေရဲ့ ရည်ရွယ်ချက်နဲ့ ထိရောက်စွာ အသုံးချနိုင်မှုအပိုင်းမှာ ထပ်တူကျမှု မရှိတာကို လည်း တွေ့ရမှာဖြစ်ပါတယ်။ ရာဇသတ်ကြီးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေဟာ သာမန်အကျိုးစီးပွား ပျက်စီးမှုနဲ့၊ သာမန်ဝန်ထမ်းတွေကို အရေးယူတဲ့ကိစ္စ ဖြစ်ပြီးတော့ အရေးပေါ်စီမံမှုဥပဒေဟာ နိုင်ငံတော်လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေး၊ (၅၂)သန်းသော ပြည်သူများရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ခန္ဓာမပျက်စီး မဆုံးရှုံးရအောင် နိုင်ငံတော်အတွက် လိုအပ်လို့ တိကျသော ပြဋ္ဌာန်းချက်များနဲ့ ပြည့်စုံလုံလောက်မှုရှိအောင် ရေးဆွဲထားပြီး ထိရောက်စွာဆောင်ရွက်နိုင်ဖို့ ဆက်လက်ကိုင်စွဲထားရ မယ့် ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်ရပါတယ်။

ဆက်ပြီးတော့ ဒီ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များဟာ နိုင်ငံတော်လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် ပြဋ္ဌာန်းချက်များပါရှိသလိုပဲ ပို့ဆောင်ရေး၊

ဆက်သွယ်ရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေး၊ ကိုယ်ကျင့်တရားနဲ့ စည်းကမ်းထိန်းသိမ်းရေး၊ တရားဥပဒေလမ်းကြောင်းအတိုင်း လိုက်နာဆောင်ရွက်ရေး စတဲ့ ပြဋ္ဌာန်းချက်များလည်း ပါရှိပါတယ်။ ဒါ့အပြင် အများပြည်သူများနှင့် သက်ဆိုင်တဲ့ကိစ္စ၊ အများပြည်သူ ဒုက္ခမဖြစ်စေဖို့၊ အသက် မဆုံးရှုံးစေဖို့၊ ဘေးအန္တရာယ် မဖြစ်စေဖို့ စတဲ့ ပြည်သူအများနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်များကိုသာ အထူးအလေးပေး ထည့်သွင်း ပြဋ္ဌာန်းထားတဲ့ အထူးဥပဒေတစ်ရပ်လည်းဖြစ်လို့ တည်ဆဲဥပဒေတစ်ရပ်အဖြစ် ဆက်လက်ထားရှိသင့်ကြောင်း ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေရဲ့ ပုဒ်မ ၂၁၉ မှာ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေသည် နိုင်ငံတော်ရဲ့ တည်ငြိမ်ရေး၊ ပြည်သူအများရဲ့ လုံခြုံရေးကို ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်တဲ့အတွက် ဥပဒေကို မရုပ်သိမ်းမီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ ကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ဆွေးနွေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ မှာလည်း တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားတဲ့အတွက် တည်ဆဲဥပဒေတစ်ခုဖြစ်တဲ့ အရေးပေါ်စီမံမှုအက်ဥပဒေဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မည်သည့်ပြဋ္ဌာန်းချက်များနဲ့ ဆန့်ကျင်နေတယ်ဆိုတာကို စိစစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်သမျှကိုသာ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းသာ ပြုလုပ်သင့်ကြောင်း ဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီကနေ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ ဆောင်ရွက်နေတဲ့ ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်ကြီးက ပြဋ္ဌာန်း၊ ပြင်ဆင်၊ ဖြည့်စွက်၊ ဖျက်သိမ်းပေးလိုက်တဲ့ ဥပဒေတွေဟာ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေး၊ အကျိုးစီးပွား၊ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုတွေကို ရရှိစေဖို့ပဲ ဖြစ်ပါတယ်။ ဥပဒေများအတိုင်း တိတိကျကျ လိုက်နာကျင့်သုံး ကိုင်တွယ်မယ်လို့ ယုံကြည်ပြီး ပြည်သူတွေရွေးချယ်ပေးခဲ့တဲ့ အစိုးရသစ်အနေနဲ့ တရားမျှတမှုကို ရှေးရှုပြီး ဆင်ခြင်တုံတရားကို လက်ကိုင်ပြုသောဥပဒေများအပေါ် မှီခိုအားထားရသလိုပဲ ကမ္ဘာတစ်ဝန်းမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေ မြင့်တက်လာနေတဲ့အချိန်မှာ ဤ ဥပဒေမရှိဘဲနဲ့ အမျိုးသား လုံခြုံရေး၊ ပြည်သူ့ဘဝလုံခြုံရေးနဲ့ နိုင်ငံတော်အကျိုးစီးပွား ကာကွယ်ရေးတို့အတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ပြည့်ပြည့်စုံစုံ ထည့်သွင်းစဉ်းစားပြီးမှသာ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို သင့်တော်သလို ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။(သြဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဦးစိုးသိန်း ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။ အရေးပေါ်စီမံမှုအက်ဥပဒေနဲ့ ပတ်သက်ပြီးတော့ အကြံပြု တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသင့်ကြောင်း တင်ပြထားသည့် ဥပဒေကြမ်းမှာ ရည်ရွယ်ချက်ကို ဖော်ပြထားရာမှာ အရေးပေါ်စီမံမှုအက်ဥပဒေကို ထိုစဉ်က နိုင်ငံရေးအခြေအနေကြောင့် လိုအပ်ချက်အရ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် အခြေအနေအချိန်အခါနဲ့ သက်ဆိုင်ခြင်း မရှိတော့ဘဲ နိုင်ငံသူ၊နိုင်ငံသားများနဲ့ နိုင်ငံ့အရေးဆောင်ရွက်နေသူများကို အချိန်အခါမရွေး ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားစွဲ ထောင်ချခြင်းစသည့် တရားမဲ့ပြုကျင့်မှုမှ ကာကွယ်ရန်လိုအပ်ခြင်းတို့ကြောင့် ယင်းဥပဒေကို ရုပ်သိမ်းရန် လိုအပ်ကြောင်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ အကျယ်တဝင့်မတင်ပြတော့ဘဲနဲ့ အချုပ်တင်ပြရလျှင် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ(၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇၊ ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၉ ရက်) ဆက်စပ်ပြီးတော့ အောက်ပါ အချက်(၅)ချက်နဲ့ အကြံပြု တင်ပြသွားမှာ ဖြစ်ပါတယ်။

(၁) ပါလီမန်ဒီမိုကရေစီခေတ်မှာ ဒီမိုကရေစီစံနှုန်းများနဲ့အညီ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေ ဖြစ်တာကို တွေ့ရှိရပါတယ်။ (၂) ဥပဒေရဲ့ ရည်ရွယ်ချက်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအလို့ငှာ ရေရှည်မျှော်တွေးလျက် ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ဥပဒေ ဖြစ်ပါတယ်။ (၃) ယင်းဥပဒေဖြင့် နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေး၊ အများပြည်သူတို့၏ ကိုယ်ကျင့်တရားစသည်တို့ကို အစဉ်တစိုက် ကာကွယ်ပေးသည့် နှစ်ပေါင်း(၆၀)ကျော်ကာလအထိ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တို့ဖြင့် လိုက်နာကိုးကားခဲ့ရတဲ့ ဥပဒေဖြစ်တာကို တွေ့ရှိရပါတယ်။ (၄) ယင်းဥပဒေအရ ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် (Prior Sanction)ကို သက်ဆိုင်ရာ အာဏာပိုင်က ခွင့်ပြုမှသာ တရားစွဲဆိုရမည်ဟု ဥပဒေအရ ထိန်းချုပ်နိုင်စွမ်းလည်း ရှိပါတယ်။ (၅) ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေအတွဲ-၂ (စာ ၂၄၄)တွင် အရေးပေါ် စီမံမှုအက်ဥပဒေ ဟု ဖော်ပြထားရှိခဲ့ရာ ပုဒ်မ ၁ ၌ ဤအက်ဥပဒေကို ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေဟု ခေါ်ရမည်ဟု ပြဋ္ဌာန်းထားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ဥပဒေရေးထုံးနှင့် အဓိပ္ပာယ်ကောက်ယူခြင်းဆိုင်ရာ မူသဘောအရ ယင်းဥပဒေကို ပုဒ်မ ၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ ဟူ၍သာ ခေါ်ဝေါ်သုံးစွဲရမည် ဖြစ်ပါတယ်။ ယင်းဥပဒေကို ရုပ်သိမ်းသင့်ကြောင်း တင်ပြသူများက အရေးပေါ်စီမံမှုအက်ဥပဒေ ဟူ၍သာ ခေါ်ဝေါ်သုံးစွဲခြင်းမှာ ဥပဒေရေးထုံးနှင့် အဓိပ္ပာယ်ကောက်ယူခြင်းဆိုင်ရာ မူသဘောများနဲ့ ကိုက်ညီမှုမရှိကြောင်းလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာ့အခြေအနေကို သုံးသပ်ဖို့ လိုပါတယ်။ ပြင်သစ်၊ ဂျာမဏီ၊ ယူကရိန်း၊ ဆီးရီးယား၊ တူရကီ စတဲ့ ဥရောပ တစ်ခွင်က နိုင်ငံတွေရဲ့ အခြေအနေကို လေ့လာဖို့ လိုပါတယ်။ ထို့အတူ အမေရိကန် ပြည်ထောင်စုအပါအဝင် လုံခြုံရေးအတွက် ကမ္ဘာပေါ်မှာ ရှိတဲ့ အစိုးရတိုင်းဟာ နေ့စဉ် စိတ်ပူပင်ဆောင်ရွက်နေကြရတာကို တွေ့ရပါတယ်။ လူ့အခွင့်အရေးနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတို့ကို ဟန်ချက်မျှတစွာ စဉ်းစားနေကြတဲ့ ခေတ်လည်း ပြောင်းလဲလာခဲ့ပါပြီ။ IS များရဲ့ အကြမ်းဖက်မှုများကလည်း လက်တစ်ကမ်းကို တာဆူနေကြပါတယ်။

ရခိုင်ပြည်နယ် လုံခြုံရေးအတွက်လည်း လက်ရှိအစိုးရအဖို့ အလွန်တာဝန်ကြီးလေးလှပါတယ်။ မနက်ဖြန် လုံခြုံရေးနဲ့ဆက်စပ်ပြီး ဘာဖြစ်မလဲဆိုတာ မည်သူမျှ မပြောနိုင်ပါဘူး။ အကျိုးနဲ့ အပြစ်ကို ခေါင်းအေးအေးနဲ့ ဘက်ပေါင်းစုံမှ ကျွမ်းကျင်သူများနဲ့ ဆွေးနွေးတိုင်ပင်ပြီးမှ ပယ်ဖျက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ဥပဒေပြုရတာ အလွန်ခက်ပါတယ်။ ရုပ်သိမ်းရတာ အလွန်လွယ်ပါတယ်။ ပညာရှိ သတိဖြစ်ခဲလို့ ကျွန်တော် အကြံပြုလိုပါတယ်။ လက်ရှိအစိုးရအနေနဲ့ သူ့သက်တမ်းမှာ ဒီအက်ဥပဒေကို လက်လွတ်စပယ် မသုံးဘူးဆိုတော့ လုံးဝ (လုံးဝ) သေချာကြောင်း ပြောချင်ပါတယ်။

ဒါပေမဲ့ လက်ရှိအစိုးရအတွက် အရေးပေါ် အခြေအနေ ကြုံရချိန်မှာ လှုပ်သာ ကိုင်သာ ရှိဖို့ အိတ်ထောင်ထဲမှာ ဝှက်ဖဲတစ်ချပ်တော့ ထည့်ထားစေချင်ပါတယ်။ ဖျက်သိမ်းတာ ကျွန်တော် သဘော တူပေမယ်လို့ မှန်ကန်တဲ့ အချိန်ကာလ ဟုတ်၊ မဟုတ်တော့ စဉ်းစားသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးဇော်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဒုတိယဗိုလ်မှူးကြီးဇော်မိုး (တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးဇော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်က များရာဆန္ဒမဲနဲ့ အတည်ပြုပြီး ပေးပို့လာတဲ့ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းအား မူလအတိုင်းသာ ထားရှိပြီး ပြင်ဆင်ရန် လိုအပ်ပါကလည်း ခေတ်ကာလနဲ့ လျော်ညီအောင် ပြင်ဆင်ရန် သို့မဟုတ် ဥပဒေအသစ် ရေးဆွဲပြီး မှသာ တည်ဆဲဥပဒေကို ရုပ်သိမ်းရန် အဆိုပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲ ခွင့်ပြုရန်လည်း ခွင့်တောင်းခံအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် မိမိနိုင်ငံနဲ့ နိုင်ငံသားများရဲ့ လုံခြုံရေးကို သက်ဆိုင်ရာနိုင်ငံတိုင်းက အဓိကထားပြီး ဆောင်ရွက် ကြပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ National Emergency Act ကို ၁၉၇၆ ခုနှစ်မှာ သမ္မတက လက်မှတ်ရေးထိုးပြီးတော့မှ အတည်ပြုခဲ့ပါတယ်။ အဲဒီလိုမျိုး နိုင်ငံကြီးမှာတောင်မှ ၂၀၀၁ ခုနှစ် စက်တင်ဘာလမှာ လုံခြုံရေး ကျိုးပေါက်တဲ့ ဖြစ်စဉ်ကြီး ဖြစ်ခဲ့တဲ့အတွက် ၂၀၀၂ ခုနှစ်မှာ Home Land Security Act ကို ထပ်မံပြဋ္ဌာန်းပြီးတော့မှ အမျိုးသားလုံခြုံရေး၊ မိမိနိုင်ငံလုံခြုံရေးကို ပိုပြီးတော့ တိုးမြှင့်ဆောင်ရွက်လာတာ တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်နေ့မှာ The National Security Act 1980 ကို ထုတ်ပြန် ကြေညာခဲ့ပါတယ်။ အရေးပေါ် အခြေအနေနဲ့ ပတ်သက်ပြီး အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ National Emergency State Emergency နဲ့ Financial Emergency ဆိုပြီးတော့မှ (၃)မျိုး ခွဲထားတာလည်း တွေ့ရမှာ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာတော့ အမျိုးသားလုံခြုံရေး၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးအတွက် Internal

Security Act ကို ပြဋ္ဌာန်းထားပြီးတော့ လိုအပ်လို့ရှိရင် အဲဒီဥပဒေမှာ ပါတဲ့ Pre- detention Procedure များ အသုံးပြုပြီးတော့ ဆောင်ရွက်တာလည်း လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာလည်း တိုင်းပြည်ငြိမ်းချမ်းရေးနဲ့ လုံခြုံရေး တိုင်းသူပြည်သူများရဲ့ လုံခြုံရေးအတွက် ရည်ရွယ်ပြီး ၁၉၅၀ ပြည့်နှစ်မှာ အရေးပေါ်စီမံမှု အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီအက်ဥပဒေမှာ ပုဒ်မ(၈)ခု ပါရှိပါတယ်။ Power Point မှာ တင်ပြထားပါတယ်။ အဲဒီဥပဒေဟာ ပြည်သူလူထုကို ကန့်သတ်ချုပ်ချယ်တာ မဟုတ်ပါဘူး။ နိုင်ငံတော်နဲ့ အများပြည်သူလူထုကို ကာကွယ်ပေးတဲ့ ဥပဒေ၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်နဲ့အများ ပြည်သူပိုင်၊ နိုင်ငံတော်ပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ပေးတဲ့ အထူးဥပဒေတစ်ခုသာ ဖြစ်ပါတယ်။ တည်ဆဲရာဇသတ်ကြီးတို့၊ အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေတို့၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ တို့ကတော့ အရေးပေါ်စီမံမှုအက်ဥပဒေနဲ့ သဘောသဘာဝ အနှစ်သာရ မတူတာကို တွေ့ရပါတယ်။

နောက်ထပ် ဥပဒေတစ်ခုဖြစ်တဲ့ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများရဲ့ ဘေးအန္တရာယ်ကို ကာကွယ်တဲ့ ဥပဒေကတော့ ယခုခေတ်ကာလအခြေအနေနဲ့ ကိုက်ညီမှု မရှိတော့လို့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းရဲ့ ပထမပုံမှန်အစည်းအဝေးမှာ ရုပ်သိမ်းတဲ့ ဥပဒေ ပြဋ္ဌာန်းခဲ့ပါတယ်။ အခုလို အရေးပေါ် စီမံမှုအက်ဥပဒေကို အလျင်စလို ရုပ်သိမ်းခြင်းအား ဆောင်ရွက်ခဲ့ပါက မိမိတို့နိုင်ငံ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသူ၊ နိုင်ငံသားများအား ဥပဒေနဲ့အညီ ခိုင်မာစွာ အကာအကွယ်ပေးနိုင်မှုအပေါ် ထိခိုက်လာနိုင်သော မလိုလားအပ်တဲ့ အခြေအနေများကို အလေးအနက် ထည့်သွင်းစဥ်းစားရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ရှိပြီးသားခြံစည်းရိုးများကို တစ်ခုပြီး တစ်ခု ဖျက်ဆီးနေတဲ့ သဘောဖြစ်သွားပြီး စည်းရိုးမဲ့တဲ့ အိမ်ကြီးကို သူခိုး၊ ဓားပြ၊ မသမာသူတွေက ဝင်ချင်သလို ဝင်ထွက်သွားလာနိုင်တဲ့ အခြေအနေမျိုး ဖြစ်ပေါ်လာခဲ့ရင် ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်လာမှာ ဖြစ်ပါတယ်။ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ လုံခြုံရေးကို ကာကွယ်ပေးမယ့် ယခု ကျန်ရှိတဲ့ အရေးပေါ် စီမံမှုအက်ဥပဒေကိုတော့ အလျင်စလို မရုပ်သိမ်းသင့်ကြောင်း တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ကာလမှာ ကမ္ဘာနဲ့တစ်ဝန်း အကြမ်းဖက် တိုက်ခိုက်မှုတွေ Cyber Attack တွေဟာ လျင်မြန်စွာဖြစ်ပေါ်တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေး၊ နိုင်ငံသားများရဲ့ လူမှုဘဝ လုံခြုံရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်ရေးတို့ကို ပိုမို အလေးထား ဆောင်ရွက်လာရမှာ ဖြစ်ပါတယ်။ Institute For Economics Peace က ထုတ်ဝေတဲ့ Global Terrorism Index 2015 ရဲ့ ဖော်ပြချက်အရ ၂၀၁၃ ခုနှစ်မှာ နိုင်ငံပေါင်း(၈၈)နိုင်ငံမှာ အကြမ်းဖက် တိုက်ခိုက်ခံ ရမှုကြောင့် လူပေါင်း(၁၈၁၁၁)ဦး သေဆုံးခဲ့ရပြီး ၂၀၁၄ ခုနှစ်မှာတော့ နိုင်ငံပေါင်း (၉၃)နိုင်ငံမှာ အကြမ်းဖက် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူ အရေအတွက်ဟာ (၃၂၆၈၅)ဦးထိ မြင့်တက်လာခဲ့ကြောင်း သိရှိရပါတယ်။ လက်ရှိ ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက် တိုက်ခိုက်မှုများကိုလည်း အားလုံး အသိပဲ ဖြစ်ပါတယ်။ Global Terrorism Index 2015 ရဲ့ ဖော်ပြချက်အရ မြန်မာနိုင်ငံဟာ အကြမ်းဖက်တိုက်ခိုက်ခံရနိုင်မှု အဆင့်(၄)ဖြင့် လိမ္မော်ရောင် အဆင့်တွင် ရပ်တည်လျက်ရှိသောကြောင့် သတိကြီးစွာ ထားရမယ့် အခြေအနေ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်အချို့ကို တင်ပြရရင် အာဇာနည်ကုန်း ဗုံးကွဲမှု ၊ စွယ်တော်မြတ်စေတီတော် လိုဏ်ဂူတော်အတွင်း ဗုံးပေါက်ကွဲမှု၊ အသံလွှင့်ရုံ လက်နက်ကြီးနဲ့ ပစ်ခတ်ခံရမှု၊ ဒဂုံစင်တာနဲ့ (၈)မိုင်လမ်းဆုံစင်တာ ဗုံးပေါက်ကွဲမှု စသည်တို့အပြင် အခြားမအောင်မြင်တဲ့ အကြမ်းဖက်မှုများစွာလည်း ရှိခဲ့ပါတယ်။ ဒါ့အပြင် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြုပြီးဖြစ်ပေါ်တဲ့ ပဋိပက္ခများလည်း ရှိခဲ့ပြီး၊ ရှိနေဆဲလည်း ဖြစ်ပါတယ်။ အခြားသတင်းများအရ အကြမ်းဖက်သမားများရဲ့ပစ်မှတ်စာရင်းထဲမှာ မြန်မာနိုင်ငံလည်း ပါရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ မကြာသေးမီကာလအတွင်းက ရန်ကုန်မြို့မှာ ရှိတဲ့ သံရုံးတစ်ရုံးမှာ မျက်ရည်ယိုဗုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပတ်ဝန်းကျင်မှာရှိတဲ့ ခရီးသွားတွေ မီးခိုးငွေ့ ရှူမိတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပါတယ်။ ဒါဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုရဲ့ လုံခြုံရေးကိုပါ ထိပါးရာ ရောက်ပါတယ်။ ဒါကြောင့် အသေးအဖွဲလို့ သဘောမထားဘဲ အရာရာကို အလေးအနက်ထား ဆောင်ရွက်သင့်ပါတယ်။ ပြဿနာဖြစ်ပွားပြီးမှ အရေးယူဆောင်ရွက်ခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ခြင်း၊ လက်ဦးမှု ရယူဖြေရှင်းခြင်းက နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ လုံခြုံရေးနဲ့ အသက် အိုးအိမ်စည်းစိမ်တွေကို ထိခိုက်ပျက်စီးမှုကို သက်သာစေမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရတိုင်းဟာ သူ့ခေတ် သူ့ကာလနဲ့အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် မူဝါဒတွေ၊ လမ်းစဉ်တွေ၊ ရည်မှန်းချက်တွေ ချမှတ်ပြီး ဆောင်ရွက်ကြပါတယ်။ တစ်ဖက်ကလည်း အစိုးရရဲ့ဆောင်ရွက်ချက်တွေ အပေါ် ပြည်သူတွေ အထင်အမြင်လွဲမှားပြီး ဆန့်ကျင်အောင်၊ ဝန်ထမ်း အဖွဲ့အစည်းအတွင်း စိတ်ဝမ်းကွဲအောင် အေးချမ်းတည်ငြိမ်မှုကို ပျက်ပြားအောင် မမှန်သတင်းထုတ်လွှင့်ကြပါတယ်။ မီဒီယာမျိုးစုံအပြင် ယနေ့ခေတ် လူမှုကွန်ယက်စာမျက်နှာများမှာလည်း ဖော်ပြရေးသားမှုများကို အားလုံး သိရှိကြမှာ ဖြစ်ပါတယ်။ အစိုးရအပေါ် ဒီလို ကျူးလွန်မှုတွေကို အရေးပေါ် စီမံမှုအက်ဥပဒေဖြင့် ကာကွယ်မှသာ ထိထိရောက်ရောက်ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအများစုဟာ ဥပဒေဘောင်အတွင်းမှာ အေးချမ်းစွာနေထိုင်လာကြပြီ ဖြစ်သော်လည်း မငြိမ်းချမ်းသေးတဲ့ နေရာတချို့မှာတော့ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးမှုများ ရှိနေဆဲ ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ ဘက်စုံလုံခြုံရေးကို ထိရောက်စွာ ကာကွယ်ပေးနိုင်တဲ့ အရေးပေါ်စီမံမှု အက်ဥပဒေကို အဆောတလျင် မရုပ်သိမ်းသင့်ကြောင်း တင်ပြအပ်ပါတယ်။ ဒီနေရာမှာ တချို့က ပုဂ္ဂိုလ်ရေး ခံစားချက်များကြောင့် ရုပ်သိမ်းလိုကြပါတယ်။

ဒါပေမဲ့ နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးကို လေးနက်ကျယ်ပြန့်စွာ စဉ်းစားပြီးတော့မှ မရုပ်သိမ်းသင့်ကြောင်း တင်ပြလိုပါတယ်။ တည်ဆဲအက်ဥပဒေမှာ လက်ရှိအခြေအနေနဲ့ ကိုက်ညီမှု မရှိရင်လည်း လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများ ပြုလုပ်သင့်ပါတယ် သို့မဟုတ် ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းပြီးမှ တည်ဆဲဥပဒေကို ပယ်ဖျက်သင့်ပါတယ်။ ဥပမာ တင်ပြရရင် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေကို အသစ်ပြဋ္ဌာန်းပြီး ၁၉၄၈ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ အရေးပေါ် စီမံမှု တစ်ချက်လွှတ်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်ခဲ့ပါတယ်။ တစ်ခါ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေကိုလည်း ၁၉၅၃ ခုနှစ်မှာ အက်ဥပဒေအမှတ် ၄၂ နဲ့ ဖြည့်စွက်ပြင်ဆင်အစားထိုးခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်နဲ့ ၁၉၅၈ ခုနှစ်တို့မှာလည်း အရေးပေါ်စီမံမှု (ယာယီပြင်ဆင်ချက်) အက်ဥပဒေများဖြင့်

ထပ်မံပြင်ဆင်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ် ယာယီပြင်ဆင်ချက်ကိုတော့ ၁၉၅၉ ခုနှစ်မှာ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ ဒါကြောင့် တည်ဆဲဥပဒေဟာ ယခုခေတ်ကာလနဲ့ ဆီလျော်မှု မရှိရင်လည်း ပြင်ဆင်ဖြည့်စွက်လို့ရကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၂၁၉ မှာ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်း စောင့်ရှောက်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဃ)မှာ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နဲ့ တားမြစ်ချက်များ ထိရောက်ခိုင်မာစွာ ပြည့်စုံစေရန် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းရမည်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ လုံခြုံရေးနဲ့ အကျိုးစီးပွားကို လက်ရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ယူနေရတဲ့ အစိုးရအဖွဲ့က ဥပဒေနဲ့အညီ အကာအကွယ်ပေးနိုင်ရန် အတွက် ဥပဒေပြုရေးအပိုင်းကို တာဝန်ယူနေရတဲ့ လွှတ်တော်ကြီးက တည်ဆဲအရေးပေါ်စီမံမှု အက်ဥပဒေကို အဆောတလျင် ရုပ်သိမ်းခြင်း မပြုသင့်ကြောင်း လက်ရှိအခြေအနေနဲ့ ကိုက်ညီမှု မရှိပါက ဥပဒေရဲ့ မူလရည်ရွယ်ချက် မပျောက်စေဘဲ ခေတ်ကာလနဲ့ လျော်ညီအောင် ပြင်ဆင်သွားရန်သာ ဖြစ်ပါတယ်။ တည်ဆဲအက်ဥပဒေကို ရုပ်သိမ်းရန် ဆန္ဒရှိလို့ ရှိရင်လည်း နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ လုံခြုံရေးနဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်တဲ့ ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းပြီးမှ ရုပ်သိမ်းသင့်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံအဆိုပြု တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၁း၁၁ နာရီအချိန်တွင် ရပ်နားပါသည်။]